# ကချင်ပြည်နယ်ပဋိပက္ခဒုက္ခသည်များအတွက်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ပေးရေးနှင့်ပတ်သက်သောမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထုတ်ပြန်ချက်

## ထုတ်ပြန်ချက်အမှတ် (၁/၂၀၁၃)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အဖွဲ့ဝင်(၄)ဦးပါ အဖွဲ့တစ်ဖွဲ့သည် လက်နက်ကိုင်တိုက်ပွဲများကြောင့် မိမိနေထိုင်ရာဒေသမှ စွန့်ခွာတိမ်းရှောင်နေကြရသည့် အရပ်သား များ၏ အခြေအနေကို ကိုယ်တိုင်ကိုယ်ကျလေ့လာနိုင်ရန် ကချင်ပြည်နယ်သို့ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်မှ ၁၀ ရက်နေ့အထိ ပထမဆုံးအကြိမ် စတင်သွားရောက် ခဲ့ပါသည်။ ထိုခရီးစဉ် အတွင်း ကော်မရှင်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ နှင့် လူမှုရေးအသင်းအဖွဲ့များမှ လိုင်ဇာမြို့တွင်းနှင့် ပတ်ဝန်းကျင်ရှိ ရပ်ရွာစွန့်ခွာတိမ်းရှောင်နေ သူများသို့ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့နိုင်ရေး အတွက် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ဆက်သွယ်ညှိနှိုင်းနိုင်ခဲ့ပါသည်။

၂။ ကချင်ပြည်နယ်အတွင်းရှိ ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများထံသို့ အကူအညီ တိုးမြှင့် ပေးနိုင် ရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဟူ၍လည်း ကော်မရှင် က ဖော်ပြခဲ့ ပါသည်။

၃။ ဤခရီးစဉ်ပြီးသည့်နောက် ကော်မရှင်သည် ဖြစ်ပွားနေသော ပဋိပက္ခ၏ အကျိုးဆက် အနေဖြင့် ဖြစ်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန် ကချင်ပြည်နယ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုပြီး အခြားတိုက်တွန်း မှုများအပြင် ဤကြိုးပမ်းအားထုတ်မှုများကို စီးပွားရေးလုပ်ငန်းများကလည်း ကူညီပံ့ပိုးရန် တိုက်တွန်းခဲ့သကဲ့သို့ ငြိမ်းချမ်း ရေးညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်မှုရသည်အထိ ဆက်လက်ဆောင်ရွက် သွားရန်လည်း အလေးအနက် တိုက်တွန်းခဲ့ပါသည်။

၄။ ဤညှိနှိုင်းဆွေးနွေးမှုများတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ကော်မရှင်က ကောင်းစွာသိရှိသကဲ့သို့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့သည် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသည့်အကြားမှ ညှိနှိုင်းဆွေးနွေးမှုများကို မဆုတ်မနစ် ဆက်လက်ပြုလုပ်နေသည့် အတွက် ကော်မရှင်အနေဖြင့် အားတက်မိပါသည်။ တစ်ချိန်တည်းမှာပင် ပဋိပက္ခများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အခြေအနေသည် ပိုမိုဆိုးဝါးနေသည် ကိုလည်းကောင်း၊ ကချင်ပြည်နယ် အတွင်းနှင့် နယ်စပ်တစ်လျှောက်ရှိ ပဋိပက္ခဒုက္ခသည်များထံသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများ ရောက်ရှိရေးမှာ အခက်အခဲ ဖြစ်နေ

သည်ကိုလည်းကောင်း ကော်မရှင်ကများစွာစိုးရိမ်လျက်ရှိပါသည်။ လူသားချင်းစာနာ ထောက်ထား မှုဆိုင်ရာ အကူအညီများ ရောက်ရှိရေး ပြဿနာကို ဖြေရှင်းရန်အတွက် သက်ဆိုင်သူအားလုံးက အရေးတကြီး ဆောင်ရွက်ခြင်းများ မပြုလုပ်ပါက ပဋိပက္ခ ပြင်းထန်လာမှုကြောင့် ကလေးများ၊ အမျိုးသမီးများနှင့် အသက်အရွယ်ကြီးရင့်သူများကဲ့သို့ ထိခိုက်လွယ်သူများကို အထူး သက်ရောက် မှုရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေး အခြေအနေမှာ ပိုမိုဆိုးဝါးလာ ဖွယ်ရာရှိသည်ဟု ကော်မရှင်က ထင်မြင်ယူဆပါ သည်။

၅။ သို့ဖြစ်၍ ပဋိပက္ခဒုက္ခသည်များထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ရောက်ရှိရေးနှင့် လုံခြုံချောမွေ့စွာပို့ဆောင်ရေးကို မည်သို့ တာဝန်ယူနိုင်မည်ဆိုသည့် ပြဿနာကို နှစ်ဖက် ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် အရေးကြီးသော ကိစ္စတစ်ရပ်အဖြစ် ကိုင်တွယ်ဖြေရှင်းကြရန် ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။ ကမ္ဘာ့အလှူရှင် အသိုက်အဝန်းကလည်း အကူ အညီပေးရေးတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။

၆။ ကချင်ပြည်နယ်ပဋိပက္ခသည် လူတို့၏ အသက်အိုးအိမ်စည်းစိမ် အပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီဖော်ဆောင်ရေး ကြိုးပမ်းအားထုတ်မှုများအပေါ်တွင် လည်းကောင်း ထိခိုက်မှုရှိနေသည်ကို ထောက်ရှုလျက် ပဋိပက္ခနှင့်ပတ်သက်သည့် နှစ်ဖက်လက်ခံနိုင်သော ဖြေရှင်း ချက် တစ်ရပ် အမြန်ဆုံးရရှိရေးအတွက် အရှိန်မြှင့် ကြိုးပမ်းအားထုတ်သွားကြပါရန် ကော်မရှင်က တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၃ခုနှစ်၊ဇန်နဝါရီလ၁၈ရက်